## TMH Telecom Public Company Limited ၏ ၂၀၂၃ ခုနှစ် မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် (၂၀၂၂-၂၃) ခုနှစ် ဘဏ္ဍာနှစ်အပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်ကို ထုတ်ပြန်ကြေငြာခြင်း

အောက်ဖော်ပြပါ သုံးသပ်ချက်များသည် TMH Telecom Public Company Limited ၏ ၂၀၂၃ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် (၂၀၂၂-၂၃) ဘဏ္ဍာနှစ်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်း ပေါင်းချုပ်ကို အခြေခံထားသော သုံးသပ်ထုတ်ပြန်ချက် ဖြစ်သဖြင့် ထိုဘဏ္ဍာရေးရှင်းတမ်း များနှင့်အတူ ယှဉ်တွဲ၍ ဖတ်ရှုနိုင်ပါသည်။ ငွေကြေးဖော်ပြချက်အားလုံးကို မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်အား ဧပြီလ (၁) ရက်နေ့မှ မတ်လ (၃၁) ရက်နေ့သို့ အသစ်ပြုပြင် ပြောင်းလဲသတ်မှတ်ခြင်းကြောင့် ကုမ္ပဏီ၏ ဘဏ္ဍာနှစ်ကိုလည်း ၂၀၂၁ခုနှစ် ၊ အောက်တိုဘာလ ၁ရက်နေ့မှ ၂၀၂၂ခုနှစ် မတ်လ (၃၁) ရက်နေ့အထိ (၆) လတာ ကာလကို (၂၀၂၁-၂၀၂၂) ဘဏ္ဍာနှစ် (Mini-budget year) အဖြစ် သတ်မှတ်ခဲ့ပါသည်။ ထို့ကြောင့် ဘဏ္ဍာရေးနှစ် (၂) ခု၏ ရလဒ်များကို နှိုင်းယှဉ် ရာတွင် သတိပြုရန် လိုအပ်ပါသည်။

### အနှစ်ချုပ်တင်ပြချက်များ

### ကုမ္ပဏီ၏ ဝင်ငွေရှင်းတမ်း အကျဉ်းချုပ်ဖော်ပြချက်(ကျပ်ထောင်ပေါင်း)

| | April '2022 to March'2023 Ks'000 | For the six-months period ended March 31,2022 Ks'000 | % Change |
|---|---|---|---|
| Revenue | 4,297,880 | 2,698,003 | 59% |
| Cost of Goods Sold | (2,281,601) | (1,755,515) | 30% |
| **Gross Profit** | **2,016,279** | **942,488** | **114%** |
| Other Income | 362,020 | 214,355 | 69% |
| Expenses | (2,284,203) | (1,259,871) | 81% |
| Share of profit of Associates and JVs | 92,029 | - | |
| **Profit before Tax** | **186,125** | **(103,028)** | **281%** |
| Tax Expense | (15,996) | - | |

**Address : No.18(A), Koh Min Koh Chin Road, Bahan Township, Yangon.**
**Phone : +951 955100, +951 955101**
**Website: www.tmhtelecom.com**

| | | | |
|---|---|---|---|
| **Net Profit after Tax** | **170,129** | **(103,028)** | **265%** |
| **Other Comprehensive Income for the Year** | | | |
| Fair value adjustment of Investments | (1,155) | (8,085) | -86% |
| **Total Comprehensive Income for the Year** | **168,974** | **(111,113)** | **252%** |

၂၀၂၃ခုနှစ် မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ၏ဝင်ငွေသည် ကျပ်ငွေ (၄.၃၀) ဘီလီယံရရှိခဲ့ပြီး ၊၂၀၂၂ခုနှစ် မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော (၂၀၂၁-၂၂) ဘဏ္ဍာရေးရှင်းတမ်းနှင့် နှိုင်းယှဉ်ပါက (၅၉) ရာခိုင်နှုန်းအထိ တိုးမြင့်ရရှိခဲ့ပါသည်။

အောက်ဖော်ပြပါ ဇယားတွင် (၂၀၂၂-၂၃) ဘဏ္ဍာနှစ်ရှိ ဝင်ငွေများကို အသေးစိတ် ဖော်ပြထားပါသည်။

| | **For the year ended March 31,2023 (Ks'000)** | **For the six-months period ended March 31,2022 (Ks'000)** |
|---|---|---|
| IFM Project | 1,935,763 | 944,419 |
| Fiber Project | 636,449 | 18,735 |
| Mobile Project | 962,995 | 336,068 |
| Other Project | 762,673 | 1,398,781 |
| | **4,297,880** | **2,698,003** |

ကုမ္ပဏီ၏ဝင်ငွေ တိုးတက်လာသကဲ့သို့ လုပ်ငန်းသုံးစရိတ်သည်လည်း ယခင်(၂၀၂၁-၂၂) ဘဏ္ဍာနှစ်တွင် ကျပ်ငွေ(၁.၇၆)ဘီလီယံ ရှိခဲ့ရာ ယခုနှစ်တွင် ကျပ်ငွေ(၂.၂၈)ဘီလီယံရှိခဲ့ပြီး ယခင်ထက် (၃၀)ရာခိုင်နှုန်းသာ တိုးမြင့် လာခဲ့ပါသည်။ ကုမ္ပဏီ၏အကြမ်းအမြတ်ရရှိမှုသည် (၂၀၂၁-၂၂)ဘဏ္ဍာနှစ်တွင် ကျပ်ငွေ(၀.၉၄)ဘီလီယံ ရရှိခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် ကျပ်ငွေ(၂.၀၂)ဘီလီယံသို့ တိုးတက်လာခဲ့ပါသည်။ မိုဘိုင်းစီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိလာသည့် ဝင်ငွေကြောင့် ကုမ္ပဏီ၏အခြားဝင်ငွေသည် ကျပ်ငွေ(၀.၃၆)ဘီလီယံသို့ တိုးလာခဲ့ပါသည်။ ကုမ္ပဏီ၏ အစုစပ်ကုမ္ပဏီတခုဖြစ်သည့် Myanamr GT Broadband Co.,Ltd မှ ၂၀၂၃ခုနှစ်၊ မတ်လ(၃၁)ရက် နေ့တွင် ကုန်ဆုံးသည့်(၂၀၂၂-၂၃) ဘဏ္ဍာနှစ်အတွက် ခွဲဝေအမြတ်ငွေ(၀.၀၉)ဘီလီယံ ရရှိခဲ့ပါသည်။ ယခင် ဘဏ္ဍာနှစ်တွင် အရှုံး ကျပ်ငွေ(၀.၁၀)ဘီလီယံ ပေါ်ပေါက်ခဲ့သော်လည်း ယခု(၂၀၂၂-၂၃)ဘဏ္ဍာနှစ်တွင် အမြတ် ကျပ်ငွေ (၀.၁၇) ဘီလီယံ ရရှိခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကို သတ်မှတ်ရာတွင် ကုမ္ပဏီမှ First Myanmar Investment Co.,Ltd (FMI)တွင် ဝယ်ယူထားသော အစုရှယ်ယာများကို ယခုဘဏ္ဍာရေးနှစ် စာရင်းပိတ်ချိန်ရှိ အစုရှယ်ယာ ဈေးကွက်တွင် ဖော်ပြထားသည့် ဈေးနှုန်းနှင့်အညီ တန်ဖိုးပြန်လည် သတ်မှတ်ထားခြင်း ဖြစ်ပါသည်။

**ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း အကျဉ်းချုပ်ဖော်ပြချက်(ကျပ်ထောင်ပေါင်း)**

| | **March 31,2023 Ks'000** | **March 31,2022 Ks'000** | |
|---|---|---|---|
| **Assets** | | | |
| Non-Current Assets | 2,452,576 | 3,034,707 | -19% |
| Current Assets | 14,514,090 | 13,174,543 | 10% |
| **Total Assets** | **16,966,666** | **16,209,250** | **5%** |
| **Equity & Liabilities** | | | |
| Equity | 13,914,408 | 14,017,482 | -1% |
| Current Liabilities | 3,052,258 | 2,191,768 | 39% |
| **Total Equity & Liabilities** | **16,966,666** | **16,209,250** | 5% |

လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများနှင့်ပတ်သတ်၍ ကန်ထရိုက်တာများထံသို့ ကြိုတင်ပေးချေထားသော ငွေများကြောင့် လက်ငင်းရပိုင်ခွင့်သည် ၂၀၂၂ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော (၆) လတာ ဘဏ္ဍာရေးနှစ်တွင် ကျပ်ငွေ (၁၃.၁၇) ဘီလီယံ ရှိခဲ့ပြီး ယခု ဘဏ္ဍာရေးနှစ်တွင် (၁၄.၅၁) ဘီလီယံ ရှိခဲ့သဖြင့် (၁၀) ရာခိုင်နှုန်း တိုးလာခဲ့ပါသည်။ အခြားရင်းနှီးမြှုပ်နှံမှုများကြောင့် လက်ငင်းမဟုတ်သော ရပိုင်ခွင့်သည် ယခင်ဘဏ္ဍာရေးနှစ်ထက် (၁၉) ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

စီမံကိန်းလုပ်ငန်းများ ပြီးစီးသည့်အချိန်တွင် ဝင်ငွေအဖြစ် ပြောင်းလဲ စာရင်းသွင်းရမည့် ကြိုတင်ရငွေများကြောင့် လက်ငင်းပေးရန်တာဝန်သည် ယခင် ၂၀၂၂ခုနှစ်၊ မတ်လ (၃၁)ရက်နေ့တွင်

ကုန်ဆုံးသော (၂၀၂၁-၂၂) ဘဏ္ဍာရေးရှင်းတမ်းနှင့် နှိုင်းယှဉ်ပါက ကျပ်ငွေ(၂.၁၉)ဘီလီယံ ရှိရာမှ (၂၀၂၂-၂၃)ဘဏ္ဍာနှစ်တွင် ကျပ်ငွေ(၃.၀၅)ဘီလီယံသို့ တိုးလာခဲ့ပါသည်။

သုံးသပ်ချက်နှင့်အလားအလာ

တီအမ်အိတ်ချ် တယ်လီကွမ်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ စီမံခန့်ခွဲရေးအဖွဲ့မှ တင်ပြလိုသည်မှာ ကုမ္ပဏီသည် ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ နှစ်ချုပ်စာရင်းရှင်းတမ်းဖော်ပြချက်အရ ကုမ္ပဏီ၏ ဝင်ငွေသည် ၅၉ရာခိုင်နှုန်း အထိ သိသိသာသာ တိုးတက်လာခြင်း ၊ လုပ်ငန်းသုံး အသုံးစရိတ်သည် ယခင် Mini Budgetဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ၃၀ရာခိုင်နှုန်းသာ တိုးလာခြင်း ၊ ကုမ္ပဏီ၏ အသားတင်အမြတ်ရရှိမှုသည် ကျပ်ငွေ (၁.၇) ဘီလီယံ ရရှိလာခြင်း စသည့် အလားအလာကောင်းသို့ ဦးတည်လာနေပြီ ဖြစ်ကြောင်း တွေ့မြင်နိုင်ပါသည်။

ကုမ္ပဏီသည် သက်ဆိုင်သူ များအားလုံး၏ အကျိုးစီးပွားကို ကာကွယ်ပေးရန် အလို့ငှာ စီးပွားရေး ရပ်ဝန်းတွင် ဖြစ်ပေါ်နေသော အပြောင်းအလဲများကို စဉ်ဆက်မပြတ်စောင့်ကြည့်လျက်ရှိပြီး (၂၀၂၂-၂၀၂၃) ဘဏ္ဍာနှစ်တွင် မလိုလားအပ်သည့် ကုန်ကျစရိတ်များ လျှော့ချရန် အလို့ငှာ ရုံးခန်းနေရာ များကို ပြောင်းလဲဖွင့်လှစ်ခြင်း ၊ ဈေးကွက်သစ်များကို ရှာဖွေခြင်း နှင့် ချဲ့ထွင်ခြင်း တို့ကို မနားမနေ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကပ်ရောဂါနှင့် လက်ရှိ ဖြစ်ပေါ်နေသော အခက်အခဲအမျိုးမျိုးကြားမှပင် TMH ကုမ္ပဏီ၏ လုပ်ငန်းများသည် ပြန်လည်ဦးမော့လာနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

သီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၂၃ခုနှစ် ၊ မေလ ၁၉ ရက်။

**Address : No.18(A), Koh Min Koh Chin Road, Bahan Township, Yangon.**

**Phone : +951 955100, +951 955101**

**Website:** www.tmhtelecom.com